[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 08 2196 2258, E-mail:kcsn2010@gmail.com

အောက်တိုဘာလ ၁၂ ရက်၊ ၂၀၂၁ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက် စက်တင်ဘာလ ၂၇ ရက်မှ အောက်တိုဘာ ၁၀ ရက်၊ ၂၀၂၁ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကော်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီ ၁ – စက်တင်ဘာ ၂၆ | စက်တင်ဘာ ၂၇ – အောက်တိုဘာ ၁၀ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | သတ်ဖြတ်ခံရခြင်း | ၈၈ | ၉+၂၅[1] | ၁၂၂ |
| ၂ | ဖမ်းဆီးခံရခြင်း | ၁၈၄ | ၉ | ၁၉၃ |
| ၃ | ထိခိုက်ဒဏ်ရာရခြင်း | ၁၁၃ | ၁၆ | ၁၂၉ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၈ | ၁၅ | ၃၃ |
| | ဒီးမော့ဆိုမြို့နယ် | ၂၃၁ | ၃ | ၂၃၄ |
| | ဖယ်ခုံမြို့နယ် | ၅၄ | ၄ | ၅၈ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |

[1] ၂၅ PKPF တိုးတက်သောကရင်နီပြည်သူ့အင်အားစု၏ မြေပြင်ပုံမှန်အချက်အလက်ကောက်ခံမှုကို အခြေခံ၍ သေဆုံးမှုနှုန်းတူညီရန် စုပေါင်းထည့်သွင်းထားသည်။

| | | | | |
|---|---|---|---|---|
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| **ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း** | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ စက်တင်ဘာ ၂၆ ရက်နေ့ အထိ** | **IDPs အသစ် စက်တင်ဘာ ၂၇ – အောက်တိုဘာ ၁၀ ရက်နေ့** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၂၇၃၁၁ | ၅၀၀၀ | ၃၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၆၈၂၆၅ | | ၆၈၂၆၅ |
| ၃ | ဖရူဆို | ၃၄၀၃ | | ၃၄၀၃ |
| ၄ | ဖါးဆောင်း | ၄၀၀၀ | | ၄၀၀၀ |
| ၅ | ဖယ်ခုံ | ၃၁၀၀၀ | | ၃၁၀၀၀ |
| ၆ | ရှားတော | ၇၂၉ | | ၇၂၉ |
| ၇ | မယ်စဲ့ | ၁၀၀၀ | | ၁၀၀၀ |
| ၈ | ဘောလခဲ | ၃၇၄၁ | | ၃၇၄၁ |
| | **စုစုပေါင်း** | **၁၃၉၄၄၉** | **၅၀၀၀** | **၁၄၄၄၄၉** |

စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ စက်တင်ဘာလ(၂၇)ရက်မှ၊ အောက်တိုဘာလ (၁၀)ရက်၊ ၂၀၂၃ခုနှစ်



- **ဆက်လက်ဖြစ်ပေါ်နေသော ရွာသားများ မတရားဖမ်းဆီးခံရခြင်း**

စစ်ကောင်စီအာဏာသိမ်းသည့် အချိန်မှစပြီး ကရင်နီပြည်နှင့် ဖယ်ခုံမြို့နယ်တွင် ဖမ်းဆီးခံရသည့် လူဦးရေသည် ၁၈၄ ဦးမှ ပြီးခဲ့သည့်သီတင်းနှစ်ပတ်အတွင်း ၁၉၃ ဦးအထိ တိုးလာခဲ့ပြီ ဖြစ်သည်။

စက်တင်ဘာလ (၃၀) ရက်နေ့၊ လွိုင်ကော်မြို့နယ်၊ ကုန်းသာတိုက်ပွဲအပြီးတွင် စစ်ကောင်စီတို့သည် ခြေလျင်လှည့်လည်ပြီး အပြစ်မဲ့ လူငယ် ၇ ဦးကို PDF ဟု စွပ်စွဲကာ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။

အောက်တိုဘာလ (၇) ရက်နေ့တွင် လွိုင်ကော်မြို့နှင့် ရှားတောသို့ လိုင်းကားပြေးသည့် လိုင်းကား ယဉ်မောင်းနှင့် အကူတစ်ဦးအား စစ်ကောင်စီမှ အကြောင်းမဲ့ဖမ်းဆီးသွားခဲ့သည်။

- **ဆက်လက်ဖြစ်ပေါ်နေသော စစ်ကောင်စီ၏ နယ်မြေရှင်းလင်းရေး၊ အရပ်သားများ ရှိရာအရပ်သို့ လက်နက်ကြီးများ ပစ်ခတ်ခြင်းနှင့် အရပ်သားများ၏ နေအိမ်များ မီးရှို့ခံရခြင်း**

စစ်ကောင်စီသည် ၎င်းတို့၏ နယ်မြေလုံခြုံရေးနှင့် လမ်းကြောင်းများ ထောက်ပံ့ပေးနိုင်ရန်အတွက် နယ်မြေရှင်းလင်းရေးများ ဆက်လက်လုပ်ဆောင်နေပြီး ရှမ်းပြည်နယ်တောင်ပိုင်း ကလောမှ ကရင်နီပြည်သို့ စစ်အင်အားဖြည့်တင်းလာနေသည့်အပြင် ဘောလခဲနှင့် ဖားဆောင်းသို့ စစ်သားအထောက်အကူများ ပို့ဆောင်နေသည်။ သို့သော်ငြားလည်း ၎င်းတို့၏စစ်ကြောင်းနှင့် ယဉ်တန်းများအား ပြည်သူ့ကာကွယ်ရေးတပ်များမှ တိုက်ခိုက်ပြီး စစ်ကောင်စီတပ်မှ ၁၂ ဦးထက်မက သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိမှုများလည်းရှိခဲ့သည်။ စစ်ကောင်စီတပ်များသည် လွိုင်ကော်မြို့နယ် အပါအဝင် ပြည်သူလူထုများ ရှိသည့် အရပ်သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ၊ စစ်ဘေးရှောင်မှ ပြန်လာသော ရွာသားများအား ပစ်ခတ်ခြင်းများဖြင့် လက်တုန့်ပြန်ခဲ့သည်။

စက်တင်ဘာလ (၂၇)ရက်နေ့၊ ပင်လောင်းမြို့နယ်၊ ကလောမြို့မှ ဒီးမော့ဆိုမြို့နယ်သို့ စစ်အင်အားဖြည့်တင်းရန် ဖယ်ခုံမြို့သို့ စစ်ကြောင်းချီလာသော စစ်ကောင်စီယာဉ်တန်း (၄၅)စီးအား ဖယ်ခုံ KNDF မှ ခုခံတိုက်ခိုက်ကာ စစ်ကောင်စီဖက်မှ အနည်းဆုံး (၂၀)ဦးခန့် ထိခိုက်ဒဏ်ရာရရှိသည်။ တိုက်ပွဲအပြီး စစ်ကောင်စီတပ်များသည် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အနီးနားရှိ ကျေးရွာအတွင်းသို့ ရမ်းသမ်းပစ်ခတ်မှုကြောင့် အပြစ်မဲ့ရွာသား (၂)ဦး လက်နက်ကြီး ထိမှန် ဒဏ်ရာ ရရှိခဲ့သည်။

စက်တင်ဘာလ (၂၉) ရက်နေ့၊ လွိုင်ကောင်မြို့နယ်၊ ကုန်းသာကျေးရွာအနီးတွင် KA/KNDF/PDF ပူးပေါင်းတပ်နှင့် စစ်ကောင်စီတပ်တို့ မွန်းတည့် (၁၂း၀၀) နာရီမှ ညနေ (၅း၀၀) အထိ တိုက်ပွဲပြင်းထန်ခဲ့ပြီး တိုက်ပွဲအတွင်း စစ်ကောင်စီတပ်မှ (၃၀) ဦး သေဆုံးပြီး (၃၀) ဦး ထိခိုက်ဒဏ်ရာ

ရရှိကာ စစ်ကောင်စီလက်နက်အပြည့် သယ်ဆောင်လာသော ကားတစ်စီး မီးရှို့ဖျက်ဆီး ခံခဲ့ရသည်။ တိုက်ပွဲအတွင်း ပြည်သူ့ကာကွယ်ရေးတပ်မှ (၄)ဦးကျဆုံးပြီး KNDF မှ (၁)ဦး ကျဆုံးသွားခဲ့သည်။

စက်တင်ဘာလ (၂၉) ရက်နေ့၊ ဒီးမော့ဆိုမြို့နယ် သေးဆူလဲကျေးရွာရှိ စစ်ဘေးရှောင်ပြည်သူ (၁) ဦးသည် နေအိမ်သို့ ရိက္ခာသယ်ယူရန် ပြန်လာစဉ် စစ်ကောင်စီတပ်များ ထောင်ထားသော မိုင်းနင်းမိပြီး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။




*စစ်ကောင်စီတပ်များ ထောင်ထားသော မိုင်းနင်းမိပြီး ဒဏ်ရာရရှိသွားသည့် သေးဆူလဲ ရွာသား   လက်နက်ကြီးကျည် ကျပေါက်ကွဲခြင်းကြောင့် ပျက်စီးသွားသော ကုန်းသာ ကျေးရွာမှ နေအိမ်*

စက်တင်ဘာလ (၃၀) ရက်နေ့၊ လွိုင်ကော်မြို့နယ်၊ ကုန်းသာကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ကရင်နီပူးပေါင်းတပ်များ မွန်းလွဲ (၂း၀၀) အချိန်တွင် (၁၀) မိနစ်ခန့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ စစ်ကောင်စီတပ်များသည် ကုန်းသာကျေးရွာ၏ အပြင်ဘက်ရှိ တောင်ကုန်းပေါ်တွင် တပ်စွဲထားပြီး အပေါ်မှ ကျေးရွာတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းများ ပြုလုပ်သဖြင့် နေအိမ် (၁၀) လုံး ပြိုကျပျက်စီးခဲ့သည်။

အောက်တိုဘာလ (၂)ရက်နေ့၊ ဒီးမော့ဆိုမြို့နယ်၊ ထူလွီးဘီလာနှင့် ငွေတောင်ရွာသစ်ကျေးရွာ အကြားတွင် ထိုးစစ်ဆင်လာသော စစ်ကောင်စီတပ်များအား KA၊ KNDF တို့မှ ခုခံတိုက်ခိုက် ခဲ့ပါသည်။ တိုက်ပွဲသည် ညနေ (၁၇း၀၀) နာရီခန့်အချိန်တွင် စတင်ဖြစ်ပွားခဲ့ပြီး တစ်နာရီနီးပါး တိုက်ပွဲဖြစ်ပွားကာ စစ်ကောင်စီတပ်မှ (၂)ဦး သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိမှု အချို့ရှိခဲ့သည်။

အောက်တိုဘာလ (၂) ရက်နေ့၊ ဒီးမော့ဆိုမြို့နယ် ကုန်းသာကျေးရွာတွင် စစ်ကောင်စီတပ်များမှ ထောင်ထားသည့် မိုင်းအား စစ်ဘေးရှောင်မှပြန်လာသော ကုန်းသာကျေးရွာမှ အမျိုးသမီး (၁) ဦး နင်းမိပြီး ညာဘက်ခြေထောက် ပြတ်သွားခဲ့ပါသည်။

အောက်တိုဘာလ (၄) ရက်နေ့၊ လွိုင်ကော်မြို့မှ ဒီးမော့ဆိုမြို့သို့ ဦးတည်လာသော စစ်ကောင်စီ ယာဉ်တန်း (၃၅)စီးအား ဒီးမော့ဆိုမြို့နယ်၊ စံပြ (၆)မိုင်နှင့် (၅)မိုင် ကျေးရွာ အကြားတွင် KA နှင့် KNDF

တို့မှ  တိုက်ခိုက်ခဲ့ပါသည်။ ထို့အပြင် လွိုင်ကော် - ဒီးမော့ဆို လမ်းမကြီးတစ်လျှောက် လမ်းကင်း ချထားသည့် စစ်ကောင်စီတပ်များနှင့် ကရင်နီပူးပေါင်းတပ်တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ မွန်းလွဲ (၁) နာရီ ဒေါပိုးစီ ကျေးရွာတွင် တစ်ကြိမ်နှင့် ညနေပိုင်း (၃း၃၀) နာရီအချိန် ဒေါခလိုက်လင်း တွင် တစ်ကြိမ် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲများအတွင် စစ်ကောင်စီဘက်မှ ကားတစ်စီး ပျက်စီးခဲ့ပြီး တပ်သား(၄) ဦးသေဆုံးခဲ့သည်။

အောက်တိုဘာလ (၅)ရက်နေ့၊ စစ်ကောင်စီတပ်များ၏ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုများကြောင့် ဒီးမော့ဆိုမြို့နယ်၊ ခေါက်ပလော့ကျေးရွာရှိ အရပ်သားနေအိမ် (၂)လုံး ထိမှန်ပျက်စီးခဲ့ပြီး အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အောက်တိုဘာလ (၆)ရက်နေ့၊ စစ်ကောင်စီတပ်များ၏ ရမ်းသမ်းပစ်ခတ်မှုကြောင့် လွိုင်ကော်မြို့ပေါ် ရပ်ကွက်များဖြစ်သည့် နမ့်ဘော်ဝမ်(ခ)ရပ်ကွက်၊ ကေ ၅၀၀ ရပ်ကွက်နှင့် ရေနီကန်ကျေးရွာအတွင်းသို့ ကျပေါက်ကွဲကာ အရပ်သား (၈) ဦး လက်နက်ကြီး ထိမှန် ဒဏ်ရာရရှိပြီး (၁) ဦးသေဆုံးခဲ့သည်။

အောက်တိုဘာလ (၆)ရက်နေ့၊ ဖရူဆိုမြို့နယ်၊ ထီးပေါ်ဆိုကျေးရွာတွင် နေထိုင်သည့် စစ်ဘေးရှောင် ပြည်သူတစ်ဦးသည် အိမ်အောက်တွင်ရှိသော နွားများအား လွှတ်ရန် ကျေးရွာသို့အပြန်တွင် စစ်ကောင်စီမှ အကြောင်းမဲ့ပစ်သတ်သွားခဲ့သည်။

အောက်တိုဘာလ (၉) ရက်နေ့၊ ဒီးမော့ဆိုမြို့နယ်၊ စံပြ ၆ မိုင်တွင် စစ်ဘေးရှောင်စခန်းမှ ကျေးရွာသို့ ရိက္ခာပြန်လာသယ်ယူသည့် ရွာသား (၂) ဦးအား စစ်ကောင်စီတပ်မှ အကြောင်းမဲ့ပစ်ခတ်သဖြင့် (၁)ဦးသေ (၁) ဦးဒဏ်ရာရရှိခဲ့သည်။

- **ဆက်လက်ဖြစ်ပေါ်နေသော တိမ်းရှောင်မှုများ**

စစ်ကောင်စီတပ်များ၏ အရပ်သားများအပေါ် ပစ်မှတ်ထား တိုက်ခိုက်လာမှုများကြောင့် ထွက်ပြေး တိမ်းရှောင်နေမှုများ ဆက်လက်ဖြစ်ပေါ်စေသည်။ စက်တင်ဘာ ၃၀ ရက်နေ့တွင် ကုန်းသာကျေးရွာသို့ စစ်ကောင်စီများ လက်နက်ကြီးများ ပစ်ခတ်မှုများကြောင့် နေအိမ် (၁၀) လုံး ထိမှန်ပျက်စီးပြီး ကုန်းသာကျေးရွာရပ်ကွက်(၄)ရပ်ကွက်မှ ရွာသား ၅၀၀၀ ဦးတို့သည် တောတွင်းသို့ ထွက်ပြေး တိမ်းရှောင်နေကြရသည်။

ပြည်သူ့ကာကွယ်ရေးတပ်များ၏ တိုက်ခိုက်မှုကြောင့် စစ်ကောင်စီတပ်များမှ လက်တုန့်ပြန်သည့် အနေဖြင့် ပြည်သူလူထုအား ပစ်မှတ်ထားလက်စားချေနေသ၍ ထွက်ပြေးတိန်းရှောင်မှုများလည်း ဆက်လက်ဖြစ် ပေါ်နေမည်မှာ အမှန်ပေ။ အောက်တိုဘာလ ၉ ရက်နေ့တွင် ပြုလုပ်သည့် ၇၁

ကြိမ်မြောက် ကေအဲန်ပီပီ၏ အခြေခံစစ်သင်တန်းဆင်းပွဲတွင် ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုအာမခံပေးနိုင်မည့်စစ်မှတ်သော ဖက်ဒရယ်ပြည်ထောင်စုရရှိသည်အထိ KNDF နှင့် ကရင်နီပြည်သူလူထုများနှင့်အတူ ပန်းတိုင်ရောက်သည့်အထိ ဆက်လက် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ကေအဲန်ပီပီမှ ထုတ်ဖော်ပြောကြားခဲ့သည်။

- **ကရင်နီပြည်၏ ကိုဗစ်အခြေအနေ**

ကရင်နီပြည်၏ ကိုဗစ်အခြေအနေ (စကစ ကျန်းမာရေးဌာန)

| ရက်စွဲ | ကိုဗစ်ပိုးတွေ့လူနာ | သေးဆုံးသည့် ဦးရေ |
|---|---|---|
| ဇွန် ၁၅ မှ ဇူလိုင် ၁၈၊ ၂၀၂၁ | ၁၅၇ | ၃ |
| ဇူလိုင် ၁၉ မှ ဩဂုတ် ၁၊ ၂၀၂၁ | ၄၆၃ | ၂၀ |
| ဩဂုတ် ၂ မှ ဩဂုတ် ၁၅၊ ၂၀၂၁ | ၄၂၅ | ၂၇ |
| ဩဂုတ် ၁၆မှ ဩဂုတ် ၂၉၊၂၀၂၁ | ၄၉၂ | ၁၆ |
| ဩဂုတ် ၃၀ မှ စက်တင်ဘာ ၁၂၊ ၂၀၂၁ | ၇၉၆ | ၂၇ |
| စက်တင်ဘာလ ၂၃ မှ စက်တင်ဘာလ ၂၆၊ ၂၀၂၁ | ၇၈၀ | ၂၈ |
| စက်တင်ဘာလ ၂၇ မှ အောက်တိုဘာ ၁၀၊ ၂၀၂၁ | ၇၇၆ | ၂၅ |

ယခုဖော်ပြထားသော ကိန်းဂဏန်းသည် အိုင်ဒီပီ စခန်းများ၏အရေအတွက်အား ထည့်သွင်းထားခြင်းမရှိသည့်အတွက် ကိန်းဂဏန်းအမှန်သည် သည်ထက်များစွာ များနေနိုင်သည်။

**Contact persons:**
Khu Ko Reh Tel: +668 2196 2258
Ruby Tel: +666 3184 2980
Website : www.karennicsn.org
Facebook: Karenni Csn
Email: kcsn2010@gmail.com